# ၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | အပိုင်း(၁) | အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက် | ၁ | - |
| ၂ | အပိုင်း(၂) | တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေး အဖွဲ့များ | ၁ | ၂ |
| ၃ | အပိုင်း(၃) | သီးသန့်ရန်ပုံငွေ | ၃ | - |
| ၄ | အပိုင်း(၄) | တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ | ၃ | ၄ |

**၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

**(၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂ ။)**

**၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်**

**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း(၁)

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ဧပြီလ(၁)ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော အသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်အသုံးစရိတ်များအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဤဥပဒေ၏ ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၆။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အသုံးစရိတ်များကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော အသုံးစရိတ်များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် သီးသန့်ရန်ပုံငွေအသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း(၃)
## သီးသန့်ရန်ပုံငွေ

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေမှ တောင်းခံသုံးစွဲနိုင်သည်-

(က) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(ခ) ဘဏ္ဍာနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း(၄)
## တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် အသုံးစရိတ်များကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်ထည့်သွင်းဖော်ပြရမည်။

၁၀။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များလုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှရယူဆောင်ရွက်နိုင်သည်။

၁၁။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ တိုင်းဒေသကြီးအတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှငွေကြေးအကူအညီနှင့်အထောက်အပံ့တို့ကို ရယူဆောင်ရွက်နိုင်သည်။

၁၂။ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှ ငွေချေးယူရန်အကြောင်းပေါ်ပေါက်ပါက ပြည်ထောင်စုကပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်ပမှငွေချေးယူခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြေးမြီ | | | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၂.၀၀၀ | ၁၂၆၃၈.၆၄၁ | | | ၂၈၀၀.၀၀၀ | | | | ၁၅၄၅၀.၆၄၁ |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | ၆၀၁.၀၀၀ | | | | | | | ၆၀၁.၀၀၀ |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | ၂.၅၀၀ | | | | | | | ၂.၅၀၀ |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | ၀.၂၉၂ | | | | | | | ၀.၂၉၂ |
| | ပေါင်း | | ၁၂.၀၀၀ | ၁၃၂၄၂.၄၃၃ | | | ၂၈၀၀.၀၀၀ | | | | ၁၆၀၅၄.၄၃၃ |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ပြည်ထောင်စုထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉၆၅၁ . ၅၇၄ | ၂၈၀၀ . ၀၀၀ | ၃၂၀၂၈ . ၉၃၉ | | | | ၅၄၄၈၀ . ၅၁၃ |
| ၂ | | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၆၃၁ . ၈၃၈ | | ၂၁၅ . ၀၀၀ | | | | ၈၄၆ . ၈၃၈ |
| ၃ | | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀၄ . ၉၅၀ | | | | | | ၁၀၄ . ၉၅၀ |
| ၄ | | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၈၀၅ . ၈၀၉ | | ၂၂ . ၃၀၂ | | | | ၈၂၈ . ၁၁၁ |
| ၅ | | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၅၆၁ . ၉၀၅ | | ၂၂၄ . ၈၄၂ | | | | ၁၇၈၆ . ၇၄၇ |
| | | **ပေါင်း** | | **၂၂၇၅၆ . ၀၇၆** | **၂၈၀၀ . ၀၀၀** | **၃၂၄၉၁ . ၀၈၃** | | | | **၅၈၀၄၇ . ၁၅၉** |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | ကြွေးမြီ | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃၆၇၀ . ၄၃၇** | | | | | | | | **၃၆၇၀ . ၄၃၇** |
| | ၁ | ယစ်မျိုးခွန် | | ၃၆၇၀ . ၄၃၇ | | | | | | | | ၃၆၇၀ . ၄၃၇ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၁၆၅၈.၇၂၆** | | | | | | | | **၁၆၅၈.၇၂၆** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၃၇၉.၁၉၈ | | | | | | | | ၃၇၉.၁၉၈ |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၂၀၂.၉၂၀ | | | | | | | | ၂၀၂.၉၂၀ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၆၇၈.၇၂၈ | | | | | | | | ၆၇၈.၇၂၈ |
| | ၅ | အင်းအိုင်ခွန် | | ၃၉၇.၈၈၀ | | | | | | | | ၃၉၇.၈၈၀ |
| ၃ | | **စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၁၈၀၆၅ . ၁၃၄** | | | | | | | | **၁၈၀၆၅ . ၁၃၄** |
| | ၁ | ပစ္စည်းခွန် | | ၄၄၁၄ . ၅၅၃ | | | | | | | | ၄၄၁၄ . ၅၅၃ |
| | ၂ | ဘီးခွန် | | ၁၃၆၅၀ . ၅၈၁ | | | | | | | | ၁၃၆၅၀ . ၅၈၁ |

**တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား(၃)အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | | |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | **၄၇.၉၄၈** | | | | | | | **၄၇.၉၄၈** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | ၃၆.၁၀၀ | | | | | | | ၃၆.၁၀၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | ၄.၃၇၈ | | | | | | | ၄.၃၇၈ |
| | ၃ | မီးသတ်ဦးစီးဌာန | | | ၇.၄၇၀ | | | | | | | ၇.၄၇၀ |
| ၅ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | | **၁၄၄.၀၅၆** | | | | | | | **၁၄၄.၀၅၆** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၅၉.၁၁၅ | | | | | | | ၅၉.၁၁၅ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | ၁၂.၆၁၀ | | | | | | | ၁၂.၆၁၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | ၄၃.၀၂၀ | | | | | | | ၄၃.၀၂၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | ၁၅.၅၈၅ | | | | | | | ၁၅.၅၈၅ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁၃.၇၂၆ | | | | | | | ၁၃.၇၂၆ |
| ၆ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | **၄၃.၉၂၄** | | | | | | | **၄၃.၉၂၄** |
| | ၁ | သစ်တောဦးစီးဌာန | | | ၄၃.၈၂၄ | | | | | | | ၄၃.၈၂၄ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | ၀.၁၀၀ | | | | | | | ၀.၁၀၀ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | | |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၇ | | **ကျန်းမာရေးနှင့်အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | **၃၉.၈၄၀** | | | | | | | **၃၉.၈၄၀** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | ၃၉.၈၄၀ | | | | | | | ၃၉.၈၄၀ |
| ၈ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၎င်း | | **၀.၀၂၂** | | | **၁၀၈၂၉၆.၈၂၃** | | | | **၁၀၈၂၉၆.၈၄၅** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀.၀၂၂ | | | | | | | ၀.၀၂၂ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | ၁၀၈၂၉၆.၈၂၃ | | | | ၁၀၈၂၉၆.၈၂၃ |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | | **၁၂၈.၇၆၂** | | | | | | | **၁၂၈.၇၆၂** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၉၉.၉၂၃ | | | | | | | ၉၉.၉၂၃ |
| | ၂ | လမ်းဦးစီးဌာန | | | ၂၈.၈၃၉ | | | | | | | ၂၈.၈၃၉ |
| ၁၀ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | | ၂၄၅၉၀.၃၄၀ | ၁၈၈၉၇.၀၄၄ | ၁၃၂၈၉.၂၉၀ | | | ၃၄၅၇၄.၂၇၂ | ၁၇၀.၀၀၀ | ၉၁၅၂၀.၉၄၆ |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | ၁၂၀၂၇.၅၈၇ | | | | | | | ၁၂၀၂၇.၅၈၇ |
| | | **ပေါင်း** | | ၂၃၃၉၄.၂၉၇ | ၃၇၀၂၂.၄၇၉ | ၁၈၈၉၇.၀၄၄ | ၁၃၂၈၉.၂၉၀ | ၁၀၈၂၉၆.၈၂၃ | | ၃၄၅၇၄.၂၇၂ | ၁၇၀.၀၀၀ | ၂၃၅၆၄၄.၂၀၅ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၁၁၉၂၅.၄၉၃** | **၁၅.၀၀၀** | **၂၇၁၅.၃၆၅** | | | | **၁၄၆၅၅.၈၅၈** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၉၃၉၆.၁၂၆ | ၁၅.၀၀၀ | ၈၉၆.၃၁၄ | | | | ၁၀၃၀၇.၄၄၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၇၃.၈၃၉ | | ၁၀၆.၅၉၉ | | | | ၃၈၀.၄၃၈ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂၂၅၅.၅၂၈ | | ၁၇၁၂.၄၅၂ | | | | ၃၉၆၇.၉၈၀ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၆၂၆၈.၆၉၇** | | **၄၄၈.၃၇၁** | | | | **၆၇၁၇.၀၆၈** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၅၀၀.၀၀၀ | | ၄၉.၀၀၀ | | | | ၃၅၄၉.၀၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၃၃.၀၅၀ | | ၁၀၆.၉၅၀ | | | | ၃၄၀.၀၀၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၈၇၀.၅၆၂ | | ၄၀.၀၀၀ | | | | ၉၁၀.၅၆၂ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁၅၃၈.၇၂၅ | | ၇.၈၇၈ | | | | ၁၅၄၆.၆၀၃ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | ၁၂၆.၃၆၀ | | ၂၄၄.၅၄၃ | | | | ၃၇၀.၉၀၃ |
| **၃** | | **သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး** | ၎င်း | **၃၄၈၃.၁၉၁** | | **၈၇၄.၇၇၇** | | | | **၄၃၅၇.၉၆၈** |
| | ၁ | သစ်တောဦးစီးဌာန | | ၂၂၄၃.၆၄၈ | | ၉၆.၅၁၈ | | | | ၂၃၄၀.၁၆၆ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန | | ၁၀၇၁.၈၄၄ | | ၄၇၉.၆၃၉ | | | | ၁၅၅၁.၄၈၃ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန | | ၁၆၇.၆၉၉ | | ၂၉၈.၆၂၀ | | | | ၄၆၆.၃၁၉ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၄ | | **ကျန်းမာရေးနှင့်အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် | **၉၉၉.၉၆၁** | | **၂၁၇၀.၉၀၀** | | | | **၃၁၇၀.၈၆၁** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၉၉.၉၆၁ | | ၂၁၇၀.၉၀၀ | | | | ၃၁၇၀.၈၆၁ |
| ၅ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၎င်း | **၁၁၈၅.၃၄၂** | | **၂၂၆.၇၃၀** | | | | **၁၄၁၂.၀၇၂** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၉၀၂.၁၆၀ | | ၁၉၁.၁၂၅ | | | | ၁၀၉၃.၂၈၅ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၁၁.၇၃၂ | | ၂၆.၃၀၀ | | | | ၂၃၈.၀၃၂ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၁.၄၅၀ | | ၉.၃၀၅ | | | | ၈၀.၇၅၅ |
| ၆ | | **ဆောက်လုပ်ရေး** | ၎င်း | **၃၀၀၄၉.၂၀၇** | | **၁၁၆၇၄.၇၇၈** | | | | **၄၁၇၂၃.၉၈၅** |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၅၄၇.၂၈၈ | | ၈၃၁၇.၃၄၈ | | | | ၈၈၆၄.၆၃၆ |
| | ၂ | လမ်းဦးစီးဌာန | | ၂၉၅၀၁.၉၁၉ | | ၃၃၅၇.၄၃၀ | | | | ၃၂၈၅၉.၃၄၉ |
| ၇ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | **၃၁၂၀၆.၈၇၀** | | **၇၂၃၅၉.၉၉၆** | | | ၅၀၀၀.၀၀၀ | **၁၀၈၅၆၆.၈၆၆** |
| ၈ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၆၆၁၅.၃၇၃** | | **၆၄၃၁.၄၂၈** | | | | **၁၃၀၄၆.၈၀၁** |
| | | **ပေါင်း** | | ၉၁၇၃၄.၁၃၄ | ၁၅.၀၀၀ | ၉၆၉၀၂.၃၄၅ | | | ၅၀၀၀.၀၀၀ | ၁၉၃၆၅၁.၄၇၉ |